Landmine & Cluster Munition
MONITOR

Tracking progress toward a world
free of landmines and
cluster munitions

# အနှစ်ချုပ်နှင့် အကြံပြုချက်စာတမ်း
# မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲလက်နက်များထုတ်လုပ်မှုနှင့် အသုံးပြုမှု[၁]

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၂၀၂၀ ခုနှစ်မှစ၍ မကြာသေးမီ ၂၀၂၃ ခုနှစ်၊ ဇွန်လဆန်းပိုင်းအထိ၊ မြန်မာ့တပ်မတော်သည် နိုင်ငံနေရာ အနှံ့အပြား တိုက်ခိုက်မှုများတွင် ပြည်တွင်းထုတ်ထပ်ဆင့်ပေါက်ကွဲပုံးများကို အသုံးပြုကြောင်း အထင်အရှား တွေ့ရှိရသည်။



၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ကရင်ပြည်နယ်၊ မဲကနယ်ဒေသအား တိုက်ခိုက်စဉ်က ကြွင်းကျန်သော ထပ်ဆင့်ပေါက်ကွဲပုံးအပိုင်းအစများကို တွေ့ရစဉ် @KNLA, 2023

လွန်ခဲ့သည့် ၁၃ လအတွင်း ချင်း၊ ကယား(ကရင်နီ)၊ ကရင်နှင့် ရှမ်းပြည်နယ်များ၌ မြန်မာတပ်မတော်(လေ) ၏ တိုက်ခိုက်မှုများအတွင်း လေယာဉ်ဖြင့်ကျဲချခဲ့သော ထပ်ဆင့်ပေါက်ကွဲပုံး အကြွင်းအကျန်များ၏ ဓါတ်ပုံများကို ထပ်ဆင့်ပေါက်ကွဲလက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Cluster Munition Monitor ) က ကြည့်ရှု သုံးသပ်ခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်က အခြေခံအဆင့် ထပ်ဆင့်ပေါက်ကွဲလက်နက် ကြားခံပစ္စည်းကို မှတ်တမ်းများတွင်တွေ့ရသော်လည်း၊ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်း ထုတ်လုပ်ခြင်း (ဝါ) အသုံးပြုခြင်းကို မြန်မာနိုင်ငံတွင်ယခင်ကမတွေ့ရှိပါ။

ဒေသတွင်း မီဒီယာများကဖော်ပြသည့် တိုက်ခိုက်မှုများအတွင်း မပေါက်ကွဲဘဲကျန်ခဲ့သည့် ပုံးအပိုင်းအစ ဓါတ်ပုံအထောက်အထားများကို စောင့်ကြည့်လေ့လာရေးအဖွဲ့က သုံးသပ်လေ့လာခဲ့သည့်အပြင်၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အင်အားစုအများအပြားကလည်း မြန်မာစစ်တပ်သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များကို အသုံးပြုနေကြောင်းစွပ်စွဲပြောဆိုကြပါသည်။ အဆိုပါတိုက်ခိုက်မှုများသည် မကြာသေးမီလများအတွင်း နိုင်ငံ၏အနောက်မြောက်ပိုင်းရော၊ အရှေ့ပိုင်းတွင်ပါ ပိုမိုပြင်းထန်လာသော ပြည်တွင်းပဋိပက္ခများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ အရပ်သားပြည်သူများသေဆုံးခြင်း၊ နေရာအနှံ့အပြားတွင် နေအိမ်များအပါအဝင် ပြည်သူပိုင်ပစ္စည်းများ အကြီးအကျယ်ပျက်စီးခြင်းတို့အပြင်၊ ပြည်သူများနေရပ်စွန့်ခွာရခြင်းတို့ကို ထပ်မံဖြစ်ပေါ်စေပါသည်။ ပဋိပက္ခအတွင်း လူသတ် မြေမြှုပ်မိုင်းများ အလွန်အကျွံထပ်မံအသုံးပြုနေကြသည်မှာလည်း ဝိသေသ လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ (စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာ/ဗမာ နိုင်ငံအလိုက်သက်သက်ရောက်မှု အခြေပြ ပုံတွင် ကြည့်ပါ။)

ထပ်ဆင့်ပေါက်ကွဲစေသောပုံးသည် မြန်မာ၏ နိုင်ငံပိုင်လက်နက်ထုတ်လုပ်ရေးစက်ရုံ “ကပစ” သို့မဟုတ် ကာကွယ်ရေးပစ္စည်းစက်ရုံမှထုတ်လုပ်သည့် အခြားထုတ်လုပ်မှုများနှင့် ပုံစံတူဖြစ်သော်လည်း၊ ကြွင်းကျန်သည့် ပုံးအပိုင်းအစများတွင် မည်သည့်နေရာ၌ ထုတ်လုပ်သည်၊ သို့မဟုတ် တပ်ဆင်သည်ဆိုသည့် အမှတ်အသားများ မတွေ့ရပါ။

---

၁။ စစ်အစိုးရက ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အမည်ကို Burma မှ Myanmar သို့ ပြောင်းလဲခဲ့သော်လည်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူမျိုးအများအပြားနှင့် ကမ္ဘာ့နိုင်ငံအများအပြားက နိုင်ငံအမည်ကို Burma ဟု ဆက်လက်ခေါ်ဝေါ်သုံးစွဲကြသည်။




အစိမ်းရောင်ဆေးသုတ်ထားသည့် အချို့သော ဗုံးကိုယ်ထည်များ၏ အောက်တွင် အင်္ဂလိပ်နှင့်ထိုင်းဘာသာဖြင့် စာတန်းများပါရှိပြီး၊ ဗုံး၏ သံမဏိကိုယ်ထည်ကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ကြောင်း ညွှန်ပြနေပါသည်။

အဆိုပါလက်နက်ပစ္စည်းတွင် ဆင့်ကွဲယမ်းများအဖြစ် ၁၂၀ မီလီမီတာအလျားရှိသော မော်တာကျည်ဆံများ ပါရှိ ပြီး၊ တစ်ခုစီတွင် ပလတ်စတစ်ဒလက်တံတစ်ခုဖြင့် စနက်တံကိုချိတ်ထားပြီး၊ ထိမိသည်နှင့် ခဲယမ်းများကို ပေါက်ကွဲစေသည်။ ထပ်ဆင့်ပေါက်ကွဲစေသောဗုံးတိုင်း၏ အတွင်းပိုင်းကိုယ်ထည်တွင် မော်တာကျည်ဆံ၊ သို့မဟုတ် ဆင့်ကွဲယမ်း ၁၂ ခုစာနေရာပါရှိသည်။

လေကြောင်းတိုက်ခိုက်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သူတစ်ဦးက "ပေါက်ကွဲသံတွေဆက်တိုက်ကြားတယ်။ ဒါပေမယ့် မော်တာကျည်ဆံတွေနဲ့ အနီရောင်ပလတ်စတစ်ဒလက်တံတွေကလွဲပြီး ဘာမှမတွေ့ရဘူး" ဟု ပြောသည်။

အဆိုပါလက်နက်ပစ္စည်းသည် ၂၀၀၈ ခုနှစ်၊ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်တွင်တားမြစ်ထားသည့် "အလေးချိန် ၂၀ ကီလိုဂရမ်ထက်နည်းသော ထပ်ဆင့်ကွဲကျည်များ လွှတ်ထုတ်ရန် ဒီဇိုင်း လုပ်ထားသည့် သမားရိုးကျ ထပ်ဆင့်ပေါက်ကွဲလက်နက်" ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့က ဆရာဝန်နှစ်ဦးအပါအဝင်၊ ပြည်သူ ၅ ဦး ထိခိုက်ဒါဏ်ရရခဲ့သော ရှမ်းပြည်နယ် တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ ဆောင်ပွဲကျေးရွာရှိဆေးရုံကို တပ်မတော် (လေ)မှ တိုက်ခိုက်မှုအပြီး၊ ထပ်ဆင့်ပေါက်ကွဲဗုံးအပိုင်းအစများကို တွေ့ရှိရသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရသူများမှာ အဆိုပါ တိုက်ပွဲတွင် အသုံး ပြုသော အခြားလက်နက်များကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထိုနေ့တစ်ရက်တည်းမှာပင်၊ တပ်မတော် (လေ)က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအနီးတွင် ထပ်ဆင့်ပေါက်ကွဲဗုံးတစ်လုံး ကျဲချခဲ့ပြီး၊ ပြည်သူ ၄ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း မင်းတပ်မြို့အား တိုက်ခိုက်မှုအပြီး၊ ဆင့်ကွဲကျည်များ ချိတ်တွဲထားဆဲဖြစ်သော ထပ်ဆင့်ပေါက်ကွဲဗုံးအပိုင်းအစများကို တွေ့ရစဉ်။

@ Chin Defence Force_ Mindat, 14 April 2023.

၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရ၊ သေဆုံးစေခဲ့သည့် ထပ်ဆင့်ပေါက်ကွဲဗုံးအသုံးပြုတိုက်ခိုက်မှုထပ်မံဖြစ်ပွားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်းက အဆို ပါမြို့နယ်တွင် အရပ်သားပြည်သူ ၁၃ ဦး ထိခိုက်ဒဏ်ရာရစေခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအပြီး၊ ထပ်ဆင့် ပေါက်ကွဲဗုံးအပိုင်းအစများကို တွေ့ခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကဆိုသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ မတ်လ ၇ ရက်အတွင်း၊ ကယား(ကရင်နီ)ပြည်နယ်၊ ဒီမော့ဆို မြို့နယ်အတွင်းရှိ ကုန်းသာ၊ နန့်မယ်ခုံနှင့် ဝါရီဆူပလီယာကျေးရွာများအနီး တပ်မတော်(လေ)က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ၊ ထပ်ဆင့်ပေါက်ကွဲလက်နက်များကို အသုံးပြုခဲ့ကြောင်းညွှန်ပြသည့် ထပ်ဆင့်ပေါက်ကွဲသံများကိုကြားရသည်ဟု မျက်မြင်သက်သေများကပြောသည်။ ထို့နောက်တွင် ထပ်ဆင့်ပေါက်ကွဲဗုံး အပိုင်းအစ များကိုလည်း တွေ့ကြရသည်။ ထိုနေရာတွင်ရှိနေသော လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းတစ်ဦး က "Yak 130 လေယာဉ်နဲ့လာပစ်တာ၊ အဲဒီပစ်ခတ်မှုကြောင့် အယောက် ၂၀ ကျော်ဒဏ်ရာရတယ်။ ၇ ဦးသေတယ်။ တခြား ပုံမှန်သုံးတဲ့ဗုံးတွေ၊ လောင်ချာတွေကြောင့် သေတဲ့လူတွေလဲရှိတယ်" ဟုစောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ပြော ကြားသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ ထိုင်း

နယ်စပ်နှင့်ကပ်လျက်ဖြစ်သော ဖလူးကျေးရွာအုပ်စုအား တပ်မတော်(လေ)၏ ၂၀၂၂ ခုနှစ်၊ ဧပြီလတိုက်ခိုက်မှုတွင် အသုံးပြုခဲ့သည့် အဆိုပါဗုံးအပိုင်းအစများ၏ ဓါတ်ပုံများကိုထုတ်ပြန်ခဲ့သည်။

လတ်တလောနောက်ဆုံးဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ရက်နေ့က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကဒုံကျေးရွာအုပ်စုကို တပ်မတော်(လေ)၏ လေကြောင်းတိုက်ခိုက်မှုဖြစ်ပြီး၊ စာသင်ကျောင်းတစ်ကျောင်း ပျက်စီးခဲ့ကာ၊ ထိုတိုက်ခိုက်မှုအပြီး၊ ထပ်ဆင့်ပေါက်ကွဲဗုံးအပိုင်းအစများအား မှတ်တမ်းတင်ခဲ့ပါသည်။

အဆိုပါလက်နက်ကို မြန်မာနိုင်ငံတွင် မည်သည့်အချိန်က စတင်တပ်ဆင်ခဲ့ကြောင်း မသိရှိရသော်လည်း၊ ၂၀၁၂ ခုနှစ်၊ နှစ်ကုန်ပိုင်းနှင့် ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းက ကချင်ပြည်နယ်ရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ တစ်ဖွဲ့အား တိုက်ခိုက်မှုတွင်၊ ပြန်လည်မွမ်းမံထားသည့် ထပ်ဆင့်ပေါက်ကွဲလက်နက်များအပါအဝင်၊ ပို၍ အခြေခံကျသည့် ဒီဇိုင်းဖြင့် ပုံတူကြားခံပစ္စည်းများကို မြန်မာ့တပ်မတော်က အသုံးပြုခဲ့သည်။ (ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး၊ ၂၀၁၃ တွင် ကြည့်ပါ။)



၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း ဖလူးကျေးရွာတိုက်ခိုက်မှုမှ ထပ်ဆင့်ပေါက်ကွဲဗုံး ၂ လုံး၏ အပိုင်းအစများကို တွေ့ရစဉ်။ @ Karen Human Rights Group, 2022.

**ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ ညွန့်ပေါင်းအဖွဲ့၏ အကြံပြုတိုက်တွန်းချက်များ**

Cluster Munition Coalition

**မြန်မာနိုင်ငံအတွက်**

- ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှုကို ချက်ခြင်းရပ်ဆိုင်းရန်နှင့် စစ်ဆင်ရေးလုပ်ငန်းများမှ ထပ်ဆင့်ပေါက်ကွဲလက်နက်များအား ပြန်လည်ရုပ်သိမ်းရန်
- ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများထုတ်လုပ်မှုနှင့် အသုံးပြုမှုကို ဆိုင်ငံ့သည့် အမျိုးသားအဆင့် ဥပဒေတစ်ရပ်ချက်ခြင်းရေးဆွဲအတည်ပြုရန်
- အဆိုပါလက်နက်ပစ္စည်းများ၏ အန္တရာယ်ရှိနေသည့် နေရာများအားလုံးကို စစ်တမ်းကောက်၍၊ ဖယ်ရှားရှင်းလင်းရန်၊ မပေါက်ကွဲသေးသော အဆိုပါလက်နက်ပစ္စည်းများ၏ အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်သည့် ရပ်ရွာဒေသများအား အန္တရာယ်အသိပညာပေးခြင်းလုပ်ဆောင်ရန်နှင့် ထိခိုက်ဒဏ်ရာရသူများအားလုံးကို ကူညီထောက်ပံ့ပေးရန်
- လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်
- ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်ကို သဘောတူလက်ခံရန်

**အစိုးရများအားလုံးအတွက်**

- ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုနေမှုကို ရပ်တန့်ရေးနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်ပစ္စည်းများဆိုင်ရာသဘောတူစာချုပ်ကို သဘောတူလက်ခံရေးအတွက် မြန်မာနိုင်ငံအား တိုက်တွန်းရန်။
- ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှုအတွက် မြန်မာနိုင်ငံအား ပူးတွဲကြေညာချက်များ၊ ဆုံးဖြတ်ချက်များအပါအဝင် အခွင့်အလမ်းမှန်သမျှကိုသုံး၍ ကန့်ကွက်ရှုတ်ချရန်။